## ဇမ္မခန္ဓာ (၃၉) "အသင်းအဖွဲ့များ" (အလ် ဇွမ်မာရ်)

ဉာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၅၉။ သုတ်ဒေသနာ– ၇၅ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –၁း၁

| | |
|---|---|
| ၁။ | **تَنزِيلُ الْكِتَابِ مِنَ اللَّهِ الْعَزِيزِ الْحَكِيمِ۝** <br> ကိန်းဝပ်ချမှတ်ပေးသော ကျမ်းတော်သည် ဘုန်းတော်ရှင်၊ ဓမ္မသတ်ရှင်ဖြစ်သော ပရမတ်ဘုရားရှင်၏ ထံမှ ဖြစ်၏။ |
| ၂။ | **إِنَّا أَنزَلْنَا إِلَيْكَ الْكِتَابَ بِالْحَقِّ فَاعْبُدِ اللَّهَ مُخْلِصًا لَّهُ الدِّينَ۝** <br> ကေန်ပင် ငါသည် သင့်ထံ၌ ကျမ်းတော်အား ပရမတ္တ သစ္စာဖြင့် ကိန်းဝပ်ချမှတ်ပေး၏၊ သို့ဖြစ်၍၊ ပရမတ်ဘုရားရှင်အား ကိုးကွယ်လော့၊ သာသနာတော်သည် အရှင့်အတွက် သီးသန့်ဖြစ်စေလော့။ |
| ၃။ <br> ဝလီ အောက် လီယာ များ | **أَلَا لِلَّهِ الدِّينُ الْخَالِصُ وَالَّذِينَ اتَّخَذُوا مِن دُونِهِ أَوْلِيَاء مَا نَعْبُدُهُمْ إِلَّا لِيُقَرِّبُونَا إِلَى اللَّهِ زُلْفَى إِنَّ اللَّهَ يَحْكُمُ بَيْنَهُمْ فِي مَا هُمْ فِيهِ يَخْتَلِفُونَ إِنَّ اللَّهَ لَا يَهْدِي مَنْ هُوَ كَاذِبٌ كَفَّارٌ۝** <br> သန့်ရှင်းစင်ကြယ်သော သာသနာမှာ ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင့်အား ဂုဏ်ပြိုင်လျက် **ကွပ်ကဲသူများ**အား အယူထားသူတို့က ၎င်းတို့ကို ဆည်းကပ်ပူဇော်ခြင်းမှာ ပရမတ်ဘုရားရှင်၏ ထံသို့ နီးကပ်မှုအတွက် ဆောင်ကြဉ်းပေးစေရန်ဟု ဖြစ်၏။ ပရမတ်ဘုရားရှင်သည် သူတို့၏ အကြား၌ ကွဲလွဲမှုများကို ဆုံးဖြတ်တော်မူလတ္တံ့။ ကေန်ပင် ပရမတ်ဘုရားရှင်သည် ငြင်းဆန်သူ ဖုံးကွယ်မှောင်ချသူအား လမ်းညွှန်တော် မမူချေ။ |
| ၄။ | **لَوْ أَرَادَ اللَّهُ أَنْ يَتَّخِذَ وَلَدًا لَّاصْطَفَى مِمَّا يَخْلُقُ مَا يَشَاء سُبْحَانَهُ هُوَ اللَّهُ الْوَاحِدُ الْقَهَّارُ۝** <br> အကယ်၍ ပရမတ်ဘုရားရှင်သည် ကိုယ်ပွား အယူထားလိုသော်၊ အရှင်၏ ဖြစ်တည်ပေးသည့် အရာများမှ ရွေးကောက်နိုင်၏။ အရှင်သည် ဦးထိပ်ထားအပ်ရာ ဖြစ်၏။ အရှင်သည် အဓိပတိ ကောဒိ ပရမတ်ဘုရားရှင် ဖြစ်တော်မူ၏။ |
| ၅။ | **خَلَقَ السَّمَاوَاتِ وَالْأَرْضَ بِالْحَقِّ يُكَوِّرُ اللَّيْلَ عَلَى النَّهَارِ وَيُكَوِّرُ النَّهَارَ عَلَى اللَّيْلِ وَسَخَّرَ الشَّمْسَ وَالْقَمَرَ كُلٌّ يَجْرِي لِأَجَلٍ مُسَمًّى أَلَا هُوَ الْعَزِيزُ الْغَفَّارُ۝** <br> အရှင်သည် မိုးများနှင့် မြေကမ္ဘာအား မှန်ကန်ညီညွတ်စွာ ဖြစ်တည်စေ၏။ အရှင်သည့် နေ့ကို ညအပေါ်သို့ လိမ့်စေ၍ ညကို နေ့အပေါ်သို့ လိမ့်စေ၏။ သတ်မှတ်ထားသော စီးကြောင်းကိုယ်စီဖြင့် နေနှင့်လအား အသုံးခံ ဖြစ်စေ၏။ ကေန်မလွဲ အရှင်သည် ဘုန်းတော်အရှင်၊ လွတ်ငြိမ်းစေသော အရှင် ဖြစ်၏။[၉၀၇] |
| ၆။ | **خَلَقَكُم مِّن نَّفْسٍ وَاحِدَةٍ ثُمَّ جَعَلَ مِنْهَا زَوْجَهَا وَأَنزَلَ لَكُم مِّنْ الْأَنْعَامِ ثَمَانِيَةَ أَزْوَاجٍ يَخْلُقُكُمْ فِي بُطُونِ** |

(၉၀၇) လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ နီးပါးမှပင် အတိအကျ မှတ်တမ်းတင်ခဲ့သော ဤကုရ်အာန်ကျမ်းတော်တွင် ကမ္ဘာကြီးသည် လုံးဝိုင်းကြောင်းကို အတိအကျ ပြောဆိုသော သုတ်တော်ပေါင်း များစွာ ရှိနေပေသည်။ ထိုသို့ မြောက်များစွာများ အနက်မှ ဤသုတ်တော်တွင် ဖော်ပြသည့် **လိမ့်စေသည်** ဆိုသော စကားလုံး **يُكَوِّرُ ယကူဝါရ်** ဆိုသည်မှာ အာရ်ဗီစကားဖြင့် **ဘော်လုံး**ကို ခေါ်သည့် **ကူရာဟ်**မှ ဆင့်ပွားလာခြင်း ဖြစ်ပေသည်။ ဘော်လုံးကဲ့သို့ လိမ့်နေသော ကမ္ဘာအား တည်၍ နေ့နှင့် ညဖြစ်နေခြင်းကို အတိအကျ ပြောဆိုခြင်း ဖြစ်ပေသည်။ (၇၉း၃၀) တွင် ဆက်ကြည့်ပါ။

| | |
|---|---|
| | أُمَّهَاتِكُمْ خَلْقًا مِن بَعْدِ خَلْقٍ فِي ظُلُمَاتٍ ثَلَاثٍ ذَلِكُمُ اللَّهُ رَبُّكُمْ لَهُ الْمُلْكُ لَا إِلَهَ إِلَّا هُوَ فَأَنَّى تُصْرَفُونَ۞<br>ငါသည် သင်တို့အား စရိုက်တစ်မျိုးတည်းမှ ဖြစ်တည်စေ၏။ ထို့နောက် ၎င်းမှ ၎င်း၏ ပေါင်းဖော်ကို စီမံတော်မူ၏။ ထို့နောက် ငါသည် သင်တို့အတွက် တိရိစ္ဆာန် ရှစ်စုံကို ချမှတ်ပေးတော်မူ၏။ အရှင်သည် သင်တို့အား သင်တို့မိခင်၏ ဝမ်းကြာတိုက်တွင်း အမှောင်ဆင့် သုံးဆင့်၌ ဖြစ်တည်ဆင့်များဖြင့် ဖြစ်တည်စေ၏။ ထိုအရှင်သည် ပရမတ်ဘုရားရှင် သင်တို့၏ ကံကြမ္မာရှင် အချုပ်အခြာပိုင်သော အရှင် ဖြစ်၏။ အရှင်မှအပ အခြားဘုရားဟူ၍ မရှိပြီ။ သို့ပါလျက် မည်သို့ ကျောခိုင်းထားကြသနည်း။[၉၀၈] |
| ၇။ | إِن تَكْفُرُوا فَإِنَّ اللَّهَ غَنِيٌّ عَنكُمْ وَلَا يَرْضَى لِعِبَادِهِ الْكُفْرَ وَإِن تَشْكُرُوا يَرْضَهُ لَكُمْ وَلَا تَزِرُ وَازِرَةٌ وِزْرَ أُخْرَى<br>ثُمَّ إِلَى رَبِّكُم مَّرْجِعُكُمْ فَيُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ إِنَّهُ عَلِيمٌ بِذَاتِ الصُّدُورِ۞<br>ဖုံးကွယ်ထားလျှင်လည်း ပရမတ်ဘုရားရှင်သည် ကေန်ပင် ကုံလုံပြည့်စုံတော်မူ၏။ သို့သော် ဖုံးကွယ်ထားမှုသည် အမှုတော်ဆောင်များအတွက် ကျေနပ်နှစ်သက်ရာ မဟုတ်ချေ။ သင်တို့သည် ကျေးဇူးသိတတ်လျှင် သင်တို့ကို ကျေနပ်နှစ်သက်တော်မူ၏။ ဝန်ထုပ်အား ဝန်ဆောင်နေရသူသည် အခြားဝန်ကို မထမ်းနိုင်ချေ၊ သင်တို့သည် ကံကြမ္မာရှင်၏ ထံသို့သာ ဦးလှည့်ပြန်ရလတ္တံ့၊ ထိုအခါ သင်တို့ ကျင့်ကြံခဲ့သမျှကို သင်တို့အား ဆင့်ပြန်တော်မူအံ့။ ကေန်ပင် အရှင်သည် အတွင်း အစ္ဈတ္တများကို သိနေတော်မူ၏။ |
| ၈။ | وَإِذَا مَسَّ الْإِنسَانَ ضُرٌّ دَعَا رَبَّهُ مُنِيبًا إِلَيْهِ ثُمَّ إِذَا خَوَّلَهُ نِعْمَةً مِّنْهُ نَسِيَ مَا كَانَ يَدْعُو إِلَيْهِ مِن قَبْلُ<br>وَجَعَلَ لِلَّهِ أَندَادًا لِّيُضِلَّ عَن سَبِيلِهِ قُلْ تَمَتَّعْ بِكُفْرِكَ قَلِيلًا إِنَّكَ مِنْ أَصْحَابِ النَّارِ۞<br>လူသားအား ဥပါဒ် ထိသက်သော်၊ သူသည် ကံကြမ္မာရှင်ကိုသာ ရည်စူးလျက် အရှင့်ထံ၌ ဆုတောင်း၏။ ထို့နောက် သူ့အား ဂုဏ်ပေးခြင်း ပြန်သင့်စေသော် သူသည် ယခင်က အရှင့်ဘက်သို့ လှည့်လျက် ဆုတောင်းခဲ့သည်ကို မေ့ပစ်၍၊ အရှင်၏ လမ်းစဉ်မှ လွဲချော်သော၊ အရှင်နှင့် တစ်ဂိုဏ်းတည်းထားရာများကို စီမံတော့၏။ ဟောလော့ “ဖုံးကွယ်ခြင်းဖြင့် ယာယီ ခေတ္တ ပျော်ပိုက်ကြလော့၊ သင်သည် အပူမီး၏ အဖော်သာ ဖြစ်၏။” |
| ၉။ | أَمَّنْ هُوَ قَانِتٌ آنَاءَ اللَّيْلِ سَاجِدًا وَقَائِمًا يَحْذَرُ الْآخِرَةَ وَيَرْجُو رَحْمَةَ رَبِّهِ قُلْ هَلْ يَسْتَوِي الَّذِينَ يَعْلَمُونَ<br>وَالَّذِينَ لَا يَعْلَمُونَ إِنَّمَا يَتَذَكَّرُ أُوْلُوا الْأَلْبَابِ۞<br>နာခံရိုကျိုးလျက် ည၏ အချိန်ပိုင်း၌– ဦးချလျက်၊ မတ်မတ်ရပ်လျက် နောင်ဘဝအား နှလုံးပိုက်သူ၊ ကံကြမ္မာရှင်၏ ထံမှ ကရုဏာတော်အား လိုလားမက်ကိုးသူ ဖြစ်သလော။ ဟောလော့ “သိနေသော သူနှင့် မသိသောသူ အသွင်တူလေသလော၊” ပညာရှင်တို့သည်သာ ဆင်ခြင်သတိရှိကြ၏။ |
| ၁၀။ | قُلْ يَا عِبَادِ الَّذِينَ آمَنُوا اتَّقُوا رَبَّكُمْ لِلَّذِينَ أَحْسَنُوا فِي هَذِهِ الدُّنْيَا حَسَنَةٌ وَأَرْضُ اللَّهِ وَاسِعَةٌ إِنَّمَا يُوَفَّى |

---

**(၉၀၈)** ဤကျမ်းတော်တွင် လူသားကို စရိုက်တူ တစ်ခုတည်းမှ ဖြစ်တည်စေ၏ ဟု မကြာခဏ ပြောဆိုပေသည်။ တနည်းအားဖြင့် လူ ဆိုသည်မှာ လူသား ဖြစ်သည့်၊ အာဒံ– ယေရှု အပါအဝင် လူသားများမှာ လူသားများသာ ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ ထိုလူသားများကို အမိ၏ ဝမ်းကြာတိုက်တွင်းမှ ဖြစ်တည်လာခဲ့ရသည်ဟု ဤသုတ်တော်က အတိကျ ဆိုထားပေသည်။ ထို့ကြောင့် မိဘ မရှိဘဲ မွေးဘွားလာနိုင်သော လူသား ဟူ၍ မရှိဟု ကျမ်းတော်က အတိအကျ ဆိုပေသည်၊ ဖ်း၁၀၁။
ဤသုတ်တော်တွင် ပြောဆိုသော တိရိစ္ဆာန် ရှစ်စုံ ဆိုသည်မှာ လူသားများ အတွက် အသုံးအပြုဆုံး တိရိစ္ဆာန်များကို ရည်ညွှန်းခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ထိုတိရိစ္ဆာန်များကို ချမှတ်ပေးခြင်း ဖြစ်သည်ဟု သုံးခြင်း ဖြစ်ပေသည်။ ထိုတိရိစ္ဆာန် ရှစ်စုံကိုသာ ကမ္ဘာလောက၌ ဖြစ်တည်ပေးသည်ဟု ဆိုလိုခြင်း မဟုတ်ချေ။ ထိုတိရိစ္ဆာန်များမှာ ဖ်း၁၄၃–၁၄၄ တွင် ဖော်ပြသော တိရိစ္ဆာန်များကို ရည်ညွှန်းပေသည်။ ဤသုတ်တော်မှ **ချမှတ်ပေးသည်၊** ဟူသာ **နဇလ** မှာ ကောင်းကင်မှ ချပေးခြင်း မဟုတ်ချေ။ ၇း၂၆ မှ အဝတ်တန်ဆာများကို ချမှတ်ပေးသည် (ပညတ်ပေးသည်) ဆိုသကဲ့သို့ ဖြစ်သည်။

| | |
|---|---|
| | الصَّابِرُونَ أَجْرَهُم بِغَيْرِ حِسَابٍ۞<br>ဟောလော့ "အို ယုံကြည်သော အမှုတော်ဆောင်သူတို့၊ သင်တို့၏ ကံကြမ္မာရှင်အား စည်းစောင့်ကြလော့၊ ဤလောကၓ ကောင်းမှုပြုသော သူတို့အတွက် ကောင်းမှုသည် ရှိ၏။ ပရမတ်ဘုရားရှင်၏ ကမ္ဘာဂြိုလ်သည် ကျယ်ဝန်းနေလျက် ရှိ၏။ ကေန်ပင် သည်းခံပါရမီ ဖြည်ဆည်းသူတို့၏ အကျိုးဆုမှာ စာရင်းအင်း မဲ့ဖြစ်၏။[၉၀၉] |
| ၁၁။ | قُلْ إِنِّي أُمِرْتُ أَنْ أَعْبُدَ اللَّهَ مُخْلِصًا لَّهُ الدِّينَ۞<br>ဟောလော့ "သာသနာတော်သည် အရှင့်အတွက် သီးသန့်ဖြစ်စေလျက် ပရမတ်ဘုရားရှင်အား ကိုးကွယ်ရန်ကိုသာ ကျွန်ုပ်အား စီမံမိန့်ညွှန်၏။ |
| ၁၂။ | وَأُمِرْتُ لِأَنْ أَكُونَ أَوَّلَ الْمُسْلِمِينَ۞<br>ဦးဦးဖျားဖျား ငြိမ်းချမ်းရေးပြုသူ ဖြစ်ရန်လည်း ကျွန်ုပ်အား စီမံမိန့်ညွှန်၏။" |
| ၁၃။ | قُلْ إِنِّي أَخَافُ إِنْ عَصَيْتُ رَبِّي عَذَابَ يَوْمٍ عَظِيمٍ۞<br>ဟောလော့ "ကံကြမ္မာရှင်အား အာခံလျှင်၊ ဝဋ်ကြွေးသင့်စေမည့် နေ့ကာလကြီးအား ကျွန်ုပ် စိုးကြောက်၏။" |
| ၁၄။ | قُلِ اللَّهَ أَعْبُدُ مُخْلِصًا لَّهُ دِينِي۞<br>ဟောလော့ "ကျွန်ုပ်သည် ပရမတ်ဘုရားရှင်အား ကိုးကွယ်၏၊ သာသနာတော်အား အရှင့်အတွက် သီးသန့်ဖြစ်စေ၏၊ |
| ၁၅။ | فَاعْبُدُوا مَا شِئْتُم مِّن دُونِهِ قُلْ إِنَّ الْخَاسِرِينَ الَّذِينَ خَسِرُوا أَنفُسَهُمْ وَأَهْلِيهِمْ يَوْمَ الْقِيَامَةِ أَلَا ذَٰلِكَ هُوَ الْخُسْرَانُ الْمُبِينُ۞<br>သို့ဖြစ်၍ အရှင်အား တုပြိုင်လျက် သင်တို့ ဆန္ဒရှိရာကို ကိုးကွယ်ကြကုန်လော့၊"ရပ်တည်မြဲမြံရမည့် နေ့ကာလ၌ မိမိ၏ စရိုက်များ၊ မိမိ၏ ဝိုင်းသားများအား ဆုံးရှုံးစေသူသည် ဆုံးရှုံးရသောသူ ကေန် ဖြစ်၏။ ကေန်မလွဲ ထိုသူသည် ရှင်းလင်းစွာ ဆုံးရှုံးရသူ ဖြစ်၏။ |
| ၁၆။ | لَهُم مِّن فَوْقِهِمْ ظُلَلٌ مِّنَ النَّارِ وَمِن تَحْتِهِمْ ظُلَلٌ ذَٰلِكَ يُخَوِّفُ اللَّهُ بِهِ عِبَادَهُ يَا عِبَادِ فَاتَّقُونِ۞<br>သူတို့အား သူတို့၏ အထက်မှ အရိပ်၊ သူတို့၏ အောက်မှ အရိပ်သည် အပူမီးမှ ဖြစ်၏။ ပရမတ်ဘုရားရှင်သည် ၎င်းအားဖြင့် အရှင်၏ အမှုတော်ဆောင်များကို စိုးကြောက်စေ၏။ အို အမှုတော်ဆောင်တို့ ငါ့အား စည်းစောင့်ကြကုန်လော့။ |
| ၁၇။ | وَالَّذِينَ اجْتَنَبُوا الطَّاغُوتَ أَن يَعْبُدُوهَا وَأَنَابُوا إِلَى اللَّهِ لَهُمُ الْبُشْرَىٰ فَبَشِّرْ عِبَادِ۞<br>ဆင်းတုမိစ္ဆာအား ကိုးကွယ်ခြင်းမှ ရှောင်ရှားလျက် အရှင့်ထံ၌ ခဝါချသောသူ– ထိုသူတို့အတွက် သတင်းကောင်းသည် ရှိ၏။ သို့ဖြစ်၍ ငါ၏ အမှုတော်ဆောင်တို့အား သတင်းကောင်းပါးလော့။ |
| ၁၈။ | الَّذِينَ يَسْتَمِعُونَ الْقَوْلَ فَيَتَّبِعُونَ أَحْسَنَهُ أُولَٰئِكَ الَّذِينَ هَدَاهُمُ اللَّهُ وَأُولَٰئِكَ هُمْ أُولُو الْأَلْبَابِ۞<br>သူတို့သည် စကားတော်ကို နားထောင်ကြ၏။ ကောင်းမှုဘက်သို့ လိုက်နာကြ၏။ သူတို့သည် ပရမတ်ဘုရားရှင်၏ လမ်းညွှန်ပေးခြင်း ခံရသူများ ဖြစ်၏။ သူတို့သည် အသိပညာရှင်များ ဖြစ်ကြ၏။ |
| ၁၉။ | أَفَمَنْ حَقَّ عَلَيْهِ كَلِمَةُ الْعَذَابِ أَفَأَنتَ تُنقِذُ مَن فِي النَّارِ۞<br>သစ္စာ ဓမ္မအလျောက် ဝဋ်ကြွေးသင့်ခံရသူ၊ ထိုသူအား အသင်သည် အပူမီးမှ လုံခြုံစေနိုင်မည်လော။ |

(၉၀၉) ဤနေရာ၌ ပြောဆိုသော **ကျယ်ဝန်းနေလျက် ရှိ၏** ဆိုသည့် **ဝါခ်ဆီအွန်**မှာ တစ်ခုကို ဗဟိုပြု၍ အဘက်ဘက်သို့ ဖြာထွက်နေသည် ဟူသည့် အနက်ကို ပေးပေသည်။

၂၀။ لَكِنِ الَّذِينَ اتَّقَوْا رَبَّهُمْ لَهُمْ غُرَفٌ مِّن فَوْقِهَا غُرَفٌ مَّبْنِيَّةٌ تَجْرِي مِن تَحْتِهَا الْأَنْهَارُ وَعْدَ اللَّهِ لَا يُخْلِفُ اللَّهُ الْمِيعَادَ۞

သို့ရာတွင် ကံကြမ္မာရှင်အား စည်းစောင့်သောသူ၊ ထိုသူတို့အတွက် မြင့်သောအဆင့် အထက်မှ မြင့်သောအဆင့်အား တည်ဆောက်ထား၍၊[၉၁၀] အောက်ခင်း၌ စိမ့်စမ်းရေသွင် စီးဆင်းနေစေ၏။ ဤသည် ပရမတ်ဘုရားရှင်၏ ကတိတော် ဖြစ်၏၊ ပရမတ်ဘုရားရှင်သည် ကတိတော်အား ပေါ့လျော့ထားသည် မဟုတ်ချေ။

၂၁။ أَلَمْ تَرَ أَنَّ اللَّهَ أَنزَلَ مِنَ السَّمَاءِ مَاءً فَسَلَكَهُ يَنَابِيعَ فِي الْأَرْضِ ثُمَّ يُخْرِجُ بِهِ زَرْعًا مُّخْتَلِفًا أَلْوَانُهُ ثُمَّ يَهِيجُ فَتَرَاهُ مُصْفَرًّا ثُمَّ يَجْعَلُهُ حُطَامًا إِنَّ فِي ذَلِكَ لَذِكْرَى لِأُوْلِي الْأَلْبَابِ۞

ကေန်ပင် ပရမတ်ဘုရားရှင်သည် ကောင်းကင်ယံမှ မိုးရေအား သွန်းချစေသည်၍၊ ၎င်းကို မြေအောက် ရေအိုင်များ၌ နေရာချစေခြင်း၊ ထို့နောက် ၎င်းအားဖြင့် ကွဲပြားသော အရောင်အသွေး အပင်များ ထွက်ပေါ်စေခြင်း၊ ထို့နောက်
အပင် တစ်စစ **၎င်း**အား သင် မြင်ရသော အဝါရောင်များ ဖြစ်လာခြင်း၊ ထို့နောက် ၎င်းကို အမှိုက်စများဖြစ်စေခြင်းတို့ကို မဆင်ခြင်မိသလော။ ကေန်ပင် ဤ၌ ပညာရှင်တို့အတို့ ဆင်ခြင်သတိ ရှိစေရန် ဖြစ်၏။

၂၂။ أَفَمَن شَرَحَ اللَّهُ صَدْرَهُ لِلْإِسْلَامِ فَهُوَ عَلَى نُورٍ مِّن رَّبِّهِ فَوَيْلٌ لِّلْقَاسِيَةِ قُلُوبُهُم مِّن ذِكْرِ اللَّهِ أُوْلَئِكَ فِي ضَلَالٍ مُبِينٍ۞

ပရမတ်ဘုရားရှင်က သန္တိသုခလမ်းစဉ်အတွက် စိတ်နှလုံးကို ကျယ်ဝန်းစေ၍၊ ကံကြမ္မာရှင်၏ ထံမှ သစ္စာအလင်းပေါ်၌ ရှိသူဖြစ်သလော၊ သို့ဖြင့် ပရမတ်ဘုရားရှင်အား သတိရခြင်းအတွက် နှလုံးသား မာကြောသူတို့သည် ပျက်စီးရလတ္တံ့၊ သူတို့သည် ရှင်းလင်းစွာ လမ်းလွဲနေကြ၏။

၂၃။ اللَّهُ نَزَّلَ أَحْسَنَ الْحَدِيثِ كِتَابًا مُّتَشَابِهًا مَّثَانِيَ تَقْشَعِرُّ مِنْهُ جُلُودُ الَّذِينَ يَخْشَوْنَ رَبَّهُمْ ثُمَّ تَلِينُ جُلُودُهُمْ وَقُلُوبُهُمْ إِلَى ذِكْرِ اللَّهِ ذَلِكَ هُدَى اللَّهِ يَهْدِي بِهِ مَنْ يَشَاءُ وَمَن يُضْلِلْ اللَّهُ فَمَا لَهُ مِنْ هَادٍ۞

ပရမတ်ဘုရားရှင်သည် အကောင်းမွန်ဆုံး ဆင့်ပြန်ချက်ဖြစ်သော ဥပမာ အလင်္ကာ ကျမ်းတော်ကို ချမှတ်ပေးတော်မူပြီ။ ကံကြမ္မာရှင်အား ကြောက်ရွံ့ရိုးကျိုးသော သူတို့၏ အရေပြားတွင် ၎င်းကြောင့် ကျက်သီး မွေးညှင်း ထစေ၏။ တဖန် သူတို့၏ အရေပြား သူတို့၏ နှလုံးသားသည် ပရမတ်ဘုရားရှင်၏ သတိပေးတရားတော် ဆီသို့ စိတ်ညွတ်လာ၏။ ဤသည် ပရမတ်ဘုရားရှင်က စံချိန်ပြည့်သော သူအား လမ်းညွှန်သည့် လမ်းညွှန်ချက်ပင် ဖြစ်၏။ ပရမတ်ဘုရားရှင်က အပါယ်လမ်းတွင် ရှိစေသူအား သူ့အတွက် လမ်းညွှန် မရှိချေ။[၉၁၁]

၂၄။ أَفَمَن يَتَّقِي بِوَجْهِهِ سُوءَ الْعَذَابِ يَوْمَ الْقِيَامَةِ وَقِيلَ لِلظَّالِمِينَ ذُوقُوا مَا كُنتُمْ تَكْسِبُونَ۞

ရပ်တည်မြဲမြံရမည့် နေ့ကာလ၏ အကုသိုလ် ဝဋ်ကြွေးမှ ရှေ့ရှု စည်းစောင့်သောသူ ဖြစ်လေသလော။ အမိုက်ကောင်တို့အား "သင်တို့ ဆည်ပူးခဲ့သည်တို့အား မြည်စမ်းကြကုန်လော့၊"ဟု ပြောဆိုလတ္တံ့။

---

**(၉၁၀)** အစ္စလာမ်က ဘုံစဉ်မြင့်မားမှု နိမ့်ကျမှုများ လေနံဓားထစ် ပုံသေသတ်မှတ် မထားပေ။ နောက်ဆုံးစွန် ချုပ်ငြိမ်းလျှက် ပရမတ်ဘုရားရှင်ဆီသို့ ဆိုက်မြိုက်မှသာလျှင် ဘုံအဆင့်များ ပျောက်သွားခြင်း ဖြစ်ပြီး– ကျန်အဆင့်များအား ကျင့်ဆောင်မှု စံချိန်အလျောက် အနုမြူမျှမလွဲ ခံစားနေရမည် ဟုသာ ဆိုပေသည်။ မည်သည့် ဘုံ၌ စံမြန်းရသူများ မဆို တစ်ဦးနှင့်တစ်ဦး လုံးဝဥဿုံ တစ်ပြေးညီ ဖြစ်နေရမည်ဟု သတ်မှတ်ခြင်းမှာ မှားယွင်းသော သီအိုရီသာ ဖြစ်တော့သည်။

**(၉၁၁)** ဤသုတ်တော်က ကျမ်းမြတ်ကုရ်အာန်သည် အကောင်းမွန်ဆုံးသော ဆင့်ပြန်ကျမ်းတော် (ဟာဒီးဆ်) ဖြစ်သည်၊ လူသားတို့ နားလည်သဘော ပေါက်လွယ်ကူစေခြင်းငှာ ထပ်ပြန်တလဲလဲ ဥပမာပေး ဖွင့်ဆိုပြသော ကျမ်းတော် ဖြစ်သည်ဟု ကြေငြာပေသည်။ ထို့ကြောင့် ဤသုတ်တော်သည် အချို့တော်ကြီးများက ၃း၇ တွင် ဖွင့်ဆို သကဲ့သို့ **مُتَشَابِهَاتٌ မုတရှာ ဗီဟာ** နားလည်ရ ခက်သော သုတ်တော်များ ရှိ၍– ကုရ်အာန်ကျမ်းတော်အား နားလည် စေရန် အခြားသော **حَدِيث ဟာဒီးဆ်**များ မရှိမဖြစ်လိုသည်ဟူသည့် အယူအဆအား လုံးဝ ပါယ်ဖျက်ပေသည်။

| | |
|---|---|
| ၂၅။ | **كَذَّبَ الَّذِينَ مِن قَبْلِهِمْ فَأَتَاهُمْ الْعَذَابُ مِنْ حَيْثُ لَا يَشْعُرُونَ۞**<br>၎င်းတို့ မတိုင်မီသူများလည်း ငြင်းဆန်ခဲ့ကြပြီ။ သို့ဖြစ်၍ သူတို့ထံသို့ ဝဋ်ကြွေး ဆိုက်ရောက်လေပြီ။ မည်သည့် နေရာမှ ဆိုသည်ကို သတိမမူမိနိုင်ချေ။ |
| ၂၆။ | **فَأَذَاقَهُمُ اللَّهُ الْخِزْيَ فِي الْحَيَاةِ الدُّنْيَا وَلَعَذَابُ الْآخِرَةِ أَكْبَرُ لَوْ كَانُوا يَعْلَمُونَ۞**<br>သို့ဖြစ်၍ ပရမတ်ဘုရားရှင်က သူတို့အား ဤလောကီ ဘဝ၌ အရှက်ရစေခြင်းကို မြည်းစမ်းစေပြီ။ နောင်ဘဝ၏ ဝဋ်ကြွေးသည် သာလွန်ကြီးမား၏။ သိနိုင်ကြပါလေစ။ |
| ၂၇။ | **وَلَقَدْ ضَرَبْنَا لِلنَّاسِ فِي هَذَا الْقُرْآنِ مِن كُلِّ مَثَلٍ لَّعَلَّهُمْ يَتَذَكَّرُونَ۞**<br>မုချပင် ငါသည် လူသားတို့အတွက် သူတို့ သတိရကောင်းအံ့ငှာ ဤ ကုရ်အာန်ကျမ်း၌ ဥပမာ ကိုယ်စီကို ဆောင်စေ၏။ |
| ၂၈။ | **قُرآنًا عَرَبِيًّا غَيْرَ ذِي عِوَجٍ لَّعَلَّهُمْ يَتَّقُونَ۞**<br>အာရ်ဗီဘာသာဖြင့် ကုရ်အာန်သည် ကောက်ကျစ်စင်းလဲခြင်း မရှိချေ။ သူတို့ စည်းစောင့်အံ့ငှာ ဖြစ်၏။ |
| ၂၉။ | **ضَرَبَ اللَّهُ مَثَلًا رَّجُلًا فِيهِ شُرَكَاء مُتَشَاكِسُونَ وَرَجُلًا سَلَمًا لِّرَجُلٍ هَلْ يَسْتَوِيَانِ مَثَلًا الْحَمْدُ لِلَّهِ بَلْ أَكْثَرُهُمْ لَا يَعْلَمُونَ۞**<br>ပရမတ်ဘုရားရှင်က ပမာတစ်ခု ဆောင်ပေးသည်မှာ ငြင်းခုံကွဲလွဲသော ဖက်စပ်သူတို့၏ အတွင်းမှ လူသားနှင့်၊ လူသား တစ်ဦးတည်း၏ ငြိမ်းချမ်းရေးရှိသော လူသား– တို့၏ ပမာမှာ အသွင်တူကြသလော။ ပရမတ်ဘုရားရှင်အား ရည်သန် စူးစိုက်လော့၊ အမှန်မှာ သူတို့မှ အများစုသည် သိနိုင်စွမ်းအား မရှိချေ။[၉၁၂] |
| ၃၀။ | **إِنَّكَ مَيِّتٌ وَإِنَّهُم مَّيِّتُونَ۞**<br>အသင်သည် ခန္ဓာဝန်ချရမည်သာတည်း။ သူတို့လည်း ကံကုန်ရမည်သာတည်း။ |
| ၃၁။ | **ثُمَّ إِنَّكُمْ يَوْمَ الْقِيَامَةِ عِندَ رَبِّكُمْ تَخْتَصِمُونَ۞**<br>တဖန် သင်တို့သည် ရပ်တည်မြဲမြံရမည့် နေ့ကာလတွင် သင်တို့၏ ကံကြမ္မာရှင် ထံပါး၌ အချေအတင် ဖြစ်ရမည်ပင်။ |
| ၃၂။ | **فَمَنْ أَظْلَمُ مِمَّن كَذَبَ عَلَى اللَّهِ وَكَذَّبَ بِالصِّدْقِ إِذْ جَاءهُ أَلَيْسَ فِي جَهَنَّمَ مَثْوًى لِّلْكَافِرِينَ۞**<br>ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ ငြင်းဆန်သူ၊ ဖြောင့်မှန်ခြင်းတရား ရောက်လာသောအခါ ငြင်းဆန်သူထက် အဘယ်သူ က ပို၍ အမိုက်စီးအံ့နည်း။ ဖုံးကွယ်မှောင်ချသူတို့အတွက် နေရာထိုင်ခင်းသည် ငရဲဘုံတွင်း၌ မဟုတ်တုံလော။ |
| ၃၃။ | **وَالَّذِي جَاء بِالصِّدْقِ وَصَدَّقَ بِهِ أُوْلَئِكَ هُمُ الْمُتَّقُونَ۞**<br>ဖြောင့်မှန်ခြင်းကို ရောက်စေ၍ ဖြောင့်မှန်ခြင်း၌ ရှိသူ ထိုသူတို့သည် စည်းစောင့်သူများ ဖြစ်ကြ၏။ |
| ၃၄။ | **لَهُم مَّا يَشَاءونَ عِندَ رَبِّهِمْ ذَلِكَ جَزَاء الْمُحْسِنِينَ۞**<br>သူတို့အတွက် စံချိန်ပြည့်မှီမှု အလျောက် ကံကြမ္မာရှင်၏ ထံပါး၌ ရှိ၏။ ဤသည် ကောင်းမွန်သူတို့၏ ဆုလဒ်ပင် ဖြစ်၏။ |
| ၃၅။ | **لِيُكَفِّرَ اللَّهُ عَنْهُمْ أَسْوَأَ الَّذِي عَمِلُوا وَيَجْزِيَهُمْ أَجْرَهُم بِأَحْسَنِ الَّذِي كَانُوا يَعْمَلُونَ۞** |

(၉၁၂) ဤသုတ်တော်က ငြင်းခုံကွဲလွဲနေကြသော ကျမ်းအများကို ဟောပြောနေကြသည့် ဆရာသမားများထံတွင် ဆည်းပူးသော သူနှင့် ငြင်းခုံကွဲလွဲ စရာမရှိ ကျမ်းတော်တစ်ပါးတည်းအား ပြဋ္ဌန်းသော သူ၌ ဆည်းပူးသော သူတို့၏ ဥပမာမှာ မတူညီကြောင်း ပြောဆိုသည်။ ထို့ကြောင့် ကျမ်း တော်တစ်ပါးတည်းဟု အာမခံထားသည့် ကျမ်းမြတ်ကုရ်အာန်ကို လိုက်နာရန်၊ ကျမ်းမြတ်ကုရ်အာန်ကိုသာ ညွှန်သော သူသည် ဆရာသခင်ဝါဒကို မထူထောင်ချေ။ ပရမတ်ဘုရားရှင် အလ္လာဟ် တစ်ပါးတည်းကိုသာ ရည်သန်စူးစိုက်မှု ရှိရမည်ဟု ပြဋ္ဌန်းခြင်း ရှိပေသည်။

| | |
|---|---|
| | ပရမတ်ဘုရားရှင်သည် သူတို့ကျင့်ကြံခဲ့သည်မှ အကုသိုလ်များကို ဖုံးကွယ်ပေးတော်မူမည်။ သူတို့ ကျင့်ကြံခဲ့သည့် ကောင်းမှုများကိုသာ ဆုလဒ်အဖြစ် အကျိုးဆုပေးတော်မူလတ္တံ့။ |
| ၃၆။ | أَلَيْسَ اللَّهُ بِكَافٍ عَبْدَهُ وَيُخَوِّفُونَكَ بِالَّذِينَ مِن دُونِهِ وَمَن يُضْلِلِ اللَّهُ فَمَا لَهُ مِنْ هَادٍ ۞<br>ပရမတ်ဘုရားရှင်သည် အရှင်၏ အမှုတော်ဆောင်အတွက် မလုံလောက်လေသလော၊ သို့တိုင် အရှင့်အား သူတို့က တုပြိုင်ထားသူများ အားဖြင့် သင့်အား ခြိမ်းခြောက်သေး၏။ ပရမတ်ဘုရားရှင်က အပါယ်လမ်းတွင် ရှိစေသူအား သူ့အတွက် လမ်းညွှန် မရှိချေ။ |
| ၃၇။ | وَمَن يَهْدِ اللَّهُ فَمَا لَهُ مِن مُّضِلٍّ أَلَيْسَ اللَّهُ بِعَزِيزٍ ذِي انتِقَامٍ ۞<br>ပရမတ်ဘုရားရှင်က လမ်းညွှန်၍ ရှိစေသူအား သူ့အတွက် အပါယ်လမ်း မရှိချေ။ ပရမတ်ဘုရားရှင်သည်သာ ဘုန်းတော်ရှင် တန်ပြန်စေသော အရှင် မဟုတ်တုံလော။ |
| ၃၈။ | وَلَئِن سَأَلْتَهُم مَّنْ خَلَقَ السَّمَاوَاتِ وَالْأَرْضَ لَيَقُولُنَّ اللَّهُ قُلْ أَفَرَأَيْتُم مَّا تَدْعُونَ مِن دُونِ اللَّهِ إِنْ أَرَادَنِيَ اللَّهُ بِضُرٍّ هَلْ هُنَّ كَاشِفَاتُ ضُرِّهِ أَوْ أَرَادَنِي بِرَحْمَةٍ هَلْ هُنَّ مُمْسِكَاتُ رَحْمَتِهِ قُلْ حَسْبِيَ اللَّهُ عَلَيْهِ يَتَوَكَّلُ الْمُتَوَكِّلُونَ ۞<br>သင်က မိုးများနှင့် မြေကမ္ဘာအား အဘယ်သူက ဖြစ်တည်စေနည်းဟု မေးသော် "ပရမတ်ဘုရားရှင်သာ ဖြစ်၏၊"ဟု ပြောကြလိမ့်မည်။ ဟောလော့ "သို့ဖြစ်လျှင် ပရမတ်ဘုရားရှင်အား တုပြိုင်လျက် သင်တို့ ဆုတောင်းနေကြသည်များကို မဆင်ခြင်ကြသလော၊ အကယ်၍ ပရမတ်ဘုရားရှင်က ကျွန်ုပ်အား ဥပါဒ်သက်စေလိုလျှင် သူတို့က ထိုဥပါဒ်မှ ဖယ်ရှားပေးနိုင်မည်လော။ အကယ်၍ အရှင်က ကျွန်ုပ်အား ကရုဏာတော် မြင်တွေ့စေလိုလျှင် သူတို့က ထိုကရုဏာတော်အား ရပ်စဲထားနိုင်သလော။" ဟောလော့ "ပရမတ်ဘုရားရှင်သည် ကျွန်ုပ်အတွက် လုံလောက်ပေ၏။ ပုံအပ်ကိုးစားသူတို့သည် အရှင့်ကိုသာ ကိုးစားကြကုန်၏။" |
| ၃၉။<br>ရာထူး | قُلْ يَا قَوْمِ اعْمَلُوا عَلَى مَكَانَتِكُمْ إِنِّي عَامِلٌ فَسَوْفَ تَعْلَمُونَ ۞<br>ဟောလော့ "အို ကျွန်ုပ်၏ လူမျိုးတို့ သင်တို့၏ **ဌာနန္တရမှ** သင်တို့ စီမံကြလော့၊ ကျွန်ုပ်သည်လည်း စီမံနေသူ ဖြစ်၏။ မကြာမီ သိကြရမည်မှာ–၉၁၃ |
| ၄၀။ | مَن يَأْتِيهِ عَذَابٌ يُخْزِيهِ وَيَحِلُّ عَلَيْهِ عَذَابٌ مُّقِيمٌ ۞<br>မည်သူအား အရှက်ကွဲခြင်း ဝဋ်ကြွေးကို ပေးအပ်ခံရ၍၊ သူ့အား မေ့မှိန်ရခြင်း ဝဋ်ကြွေးကို ထမ်းစေမည်၊"ဟု ဖြစ်၏။ |
| ၄၁။ | إِنَّا أَنزَلْنَا عَلَيْكَ الْكِتَابَ لِلنَّاسِ بِالْحَقِّ فَمَنِ اهْتَدَى فَلِنَفْسِهِ وَمَن ضَلَّ فَإِنَّمَا يَضِلُّ عَلَيْهَا وَمَا أَنتَ عَلَيْهِم بِوَكِيلٍ ۞<br>ကေန်ပင် ငါသည် လူသားများအတွက် ကျမ်းတော်ကို သင့်ထံ၌ ပရမတ္ထသစ္စာဖြင့် ကိန်းဝပ်ချမှတ်ပေး၏။ လမ်းညွှန်လိုက်သူသည် သူ့စရိုက်အတွက် ဖြစ်၍၊ လမ်းလွဲသို့ လိုက်သူသည် သူ့ကိုယ်သူ လမ်းလွဲစေခြင်းသာ ဖြစ်၏။ သင်သည် သူတို့အတွက် ကိုယ်စားပြုခံပေးသူ မဟုတ်ချေ။ |
| ၄၂။ | اللَّهُ يَتَوَفَّى الْأَنفُسَ حِينَ مَوْتِهَا وَالَّتِي لَمْ تَمُتْ فِي مَنَامِهَا فَيُمْسِكُ الَّتِي قَضَى عَلَيْهَا الْمَوْتَ وَيُرْسِلُ |

**(၉၁၃)** ဤသုတ်တော်က ကိုယ်တော်မုဟမ္မဒ်သည် သူ့၏ လူမျိုးများကို ကြေငြာခြင်း ဖြစ်ပေသည်။ လူမျိုးခြား ဂျူးများ၊ ခရစ်ယာန်များနှင့် အခြားဘာသာဝင်တို့အား ကြေငြာခြင်း မဟုတ်ပေ။ မိမိလူမျိုးတူချင်း ရာထူးဌာန လုပ်ပိုင်ခွင့်များကို မောင်ပိုင်စီးထားလျက် မိမိလုပ်ချင်တိုင်း လုပ်နေ၍၊ အမှန်တရားအတွက် ဆောင်ရွက်နေသူများကို အမည်ဖျက်ခြင်း၊ လုပ်ပိုင်ခွင့်များ ပိတ်ဆို့ခြင်းများကို သတိပေးထားခြင်း ဖြစ်ပေသည်။ ကျွန်ုပ်တို့ခေတ်များတွင်လည်း မတော်မတရား **ဖာသဝါဟ်** (ဝိနိစ္ဆယ) ဖြင့် ချယ်လှယ်နေမှုများမှာ ဆောင်ရွက်သင့်သော အလုပ်များ မဟုတ်ချေ။

| | |
|---|---|
| | **الْأُخْرَى إِلَى أَجَلٍ مُسَمًّى إِنَّ فِي ذَلِكَ لَآيَاتٍ لِّقَوْمٍ يَتَفَكَّرُونَ۞**<br>ပရမတ်ဘုရားရှင်သည် ဉာဉ်စရိုက်အား ၎င်း၏ သေချိန်၌၊ သေခြင်း မဟုတ်ဘဲ အိပ်ပျော်နေစဉ်၌ ခန္ဓာဝန်ချထားလေ၏။ သို့ဖြစ်၍ ၎င်းအပေါ်၌ သေခြင်းကို အတည်ပြုပြီးသော် သိမ်းဆည်းထားတော်မူ၍၊ ထိုမှအပ အခြားတို့ကို သတ်မှတ်ထားသော အချိန်ထိ စေစားထားတော်မူ၏။ စီစစ်သုံးသပ်သော လူမျိုးအတွက် ဤ၌ နိမိတ်လက္ခာရပ် ရှိနေ၏။[၉၁၄] |
| ၄၃။ | **أَمِ اتَّخَذُوا مِن دُونِ اللَّهِ شُفَعَاء قُلْ أَوَلَوْ كَانُوا لَا يَمْلِكُونَ شَيْئًا وَلَا يَعْقِلُونَ۞**<br>သို့မဟုတ် ပရမတ်ဘုရားရှင်အား တုပြိုင်လျှက် အမျှဝေပေးနိုင်သူရှိ၏ဟု အယူထားနေကြသလော။ ဟောလော့ "မည်သည်မျှ မဟုတ်၊ သူတို့၌ အစိုးရနိုင်ခြင်း မရှိချေ။ အတွေးအခေါ်လည်း မရှိချေ။" |
| ၄၄။ | **قُل لِّلَّهِ الشَّفَاعَةُ جَمِيعًا لَّهُ مُلْكُ السَّمَاوَاتِ وَالْأَرْضِ ثُمَّ إِلَيْهِ تُرْجَعُونَ۞**<br>ဟောလော့ "ကျွတ်လွတ်စေနိုင်ခြင်း အပေါင်းသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ မိုးများနှင့် မြေကမ္ဘာ၏ ဩဇာအာဏာ အလုံးစုံသည် အရှင့်၏ အချုပ်အခြာ၌ရှိ၏။ တဖန် အရှင့်ထံသို့သာ ဦးလှည့်ကြရမည် သာတည်း။ |
| ၄၅။ | **وَإِذَا ذُكِرَ اللَّهُ وَحْدَهُ اشْمَأَزَّتْ قُلُوبُ الَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ وَإِذَا ذُكِرَ الَّذِينَ مِن دُونِهِ إِذَا هُمْ يَسْتَبْشِرُونَ۞**<br>ပရမတ်ဘုရားရှင် တစ်ပါးတည်းကိုသာ သတိရစေသော အခါ၊ နောင်ဘဝအား မယုံကြည်သော သူတို့၏ နှလုံးသားသည် ထိခိုက်ညှိုးငယ်၍၊ အရှင်နှင့် တုပြိုင်ထားသော သူတို့အား သတိရစေသောအခါ၊ သူတို့သည် ဝမ်းသာကြကုန်၏။ |
| ၄၆။ | **قُلِ اللَّهُمَّ فَاطِرَ السَّمَاوَاتِ وَالْأَرْضِ عَالِمَ الْغَيْبِ وَالشَّهَادَةِ أَنتَ تَحْكُمُ بَيْنَ عِبَادِكَ فِي مَا كَانُوا فِيهِ يَخْتَلِفُونَ۞**<br>ရင့်ကျူးလော့ "အို ပရမတ်ဘုရားရှင်၊ အရှင်သည် မိုးများနှင့် မြေကမ္ဘာ သံသရာ၏ စတည်ရာ ဖြစ်ပါ၏၊ စကြွာလွန်များနှင့် မျက်မှောက် သက်သေတို့အား သိနေတော်မူပါ၏၊ အရှင်သည်သာ အရှင့် အမှုတော်ဆောင်များ အကြားရှိ ကွဲလွဲချက်များအား အဆုံးအဖြတ်ရှင် ဖြစ်ပါ၏။" |
| ၄၇။ | **وَلَوْ أَنَّ لِلَّذِينَ ظَلَمُوا مَا فِي الْأَرْضِ جَمِيعًا وَمِثْلَهُ مَعَهُ لَافْتَدَوْا بِهِ مِن سُوءِ الْعَذَابِ يَوْمَ الْقِيَامَةِ وَبَدَا لَهُم مِّنَ اللَّهِ مَا لَمْ يَكُونُوا يَحْتَسِبُونَ۞**<br>အမိုက်စီးသော သူတို့တွင် မြေကမ္ဘာ၌ ရှိသမျှကို ပိုင်ဆိုင်လျှက်၊ ၎င်းနှင့်အတူ ထိုပမာဏ ရှိငြား၍၊ သူတို့က ရပ်တည်မြဲမြံရမည့် နေ့ကာလမှ အကုသိုလ် ဝဋ်ကြွေးကို ၎င်းအားဖြင့် လဲလှယ် ရွေးယူလိုသော်လည်း၊ သူတို့အတွက် ပရမတ်ဘုရားရှင်၏ထံ၌ သူတို့ မတွေးထင်ထားရာတို့ ရှိနေ၏။ |
| ၄၈။ | **وَبَدَا لَهُمْ سَيِّئَاتُ مَا كَسَبُوا وَحَاقَ بِهِم مَّا كَانُوا بِهِ يَسْتَهْزِئُون۞**<br>သူတို့အတွက် သူတို့ ဆည်းပူးခဲ့သည် အကုသိုလ်များအား ပေါ်လွင်ထင်ရှားစေလတ္တံ့။ သူတို့ လှောင်ပြောင်ခဲ့သော အရာများက သူတို့အား ဝိုင်းဝန်းပိတ်ဆီးထားလတ္တံ့။ |

(၉၁၄) ဤသုတ်တော်သည် **နဖ့်ဆ်** ဆိုသည်မှာ အသက်ရှင်ရန် ဖြစ်တည်နေသည့် ဝိညာဉ် မဟုတ်ကြောင်းကို အတိအကျ ပြောဆိုပေသည်။ ဤသုတ်တော်တွင် အသက်ရှင်နေလျှက် အိပ်ပျော်နေသူများ၏ **နဖ့်ဆ်** ဉာဉ်စရိုက်ကိုလည်း ခေတ္တ သေစေခိုင်းထားသည် (ခန္ဓာမှ ခွာထားသည်) ဟု ဆိုပေသည်။ အကယ်၍ **နဖ့်ဆ်**သည် ကိုယ်ခန္ဓာ၊ အသက်ဝိညာဉ် ဟု သတ်မှတ်လျှင် အိပ်ပျော်နေသော သူအား ကာလတစ်ခု သေစေခိုင်းထားသည် ဟု ဆိုခြင်းမှာ လုံးဝလွဲချော်ပေသည်။ **နဖ့်ဆ်**၏ အဓိပ္ပါယ်မှာ စိတ်နေသဘောထား၊ ဉာဉ်စရိုက်သာလျှင် ဖြစ်ပေသည်၊ ၂း၉ တွင်ကြည့်ပါ။ သေသွားသူများနှင့် အိပ်ပျော်နေသူများတွင် စီစစ်ဆုံးဖြတ်နိုင်သော စိတ်နေသဘောထား မရှိချေ။ အတွေးအခေါ် သေဆုံးနေသူများ၊ အတွေးအခေါ် အိပ်မောကျနေသူများမှာ သတိရအပ်ပေသည်။ (၄၀း၁၁) တွင် ဆက်ကြည့်ပါ။

| | |
|---|---|
| ၄၉။ | فَإِذَا مَسَّ الْإِنسَانَ ضُرٌّ دَعَانَا ثُمَّ إِذَا خَوَّلْنَاهُ نِعْمَةً مِّنَّا قَالَ إِنَّمَا أُوتِيتُهُ عَلَى عِلْمٍ بَلْ هِيَ فِتْنَةٌ وَلَكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ۞<br>လူသားအား ဘေးဥပါဒ် ထိသက်သော အခါ၊ သူသည် ငါ့ထံ၌သာ ဆုတောင်းကြ၏။ သူ့အား ငါ့ထံမှ ဂုဏ်ပေးခြင်းဖြင့် နှစ်သိမ့်ပေးသော အခါ၊ “ကျွန်ုပ်၏ အသိပညာကြောင့် ဤသည်ကို ရရှိစေခြင်း၊”ဟု ဆို၏။ အမှန်မှာ ၎င်းသည် စုံစမ်းခြင်း တစ်ရပ်သာ ဖြစ်၏။ သူတို့မှ အများစုကြီးသည် မသိကြချေပြီ။ |
| ၅၀။ | قَدْ قَالَهَا الَّذِينَ مِن قَبْلِهِمْ فَمَا أَغْنَى عَنْهُم مَّا كَانُوا يَكْسِبُونَ۞<br>မုချပင် ၎င်းတို့မတိုင်မီ မျိုးဆက်တို့လည်း ဤအတိုင်း ပြောခဲ့ကြ၏။ သူတို့၏ ဆည်းပူးခြင်းများသည် သူတို့အား ကုံလုံပြည့် စုံစေသည် မဟုတ်ချေ။ |
| ၅၁။ | فَأَصَابَهُمْ سَيِّئَاتُ مَا كَسَبُوا وَالَّذِينَ ظَلَمُوا مِنْ هَؤُلَاء سَيُصِيبُهُمْ سَيِّئَاتُ مَا كَسَبُوا وَمَا هُم بِمُعْجِزِينَ۞<br>၎င်းတို့ ဆည်းပူးသော အကုသိုလ်သည် ၎င်းတို့အား ထိခိုက်၏၊ သူတို့မှ အဝိဇ္ဇာစီးသော သူများ၏ ဆည်းပူးခြင်း အကုသိုလ်သည်လည်း သူတို့အား ထိခိုက်စေမည်ပင်၊ သူတို့သည် လွတ်မြောက်နိုင်မည် မဟုတ်ချေ။[၈၁၅] |
| ၅၂။<br><br>☆ ၂း၇၀ | أَوَلَمْ يَعْلَمُوا أَنَّ اللَّهَ يَبْسُطُ الرِّزْقَ لِمَن يَشَاء وَيَقْدِرُ إِنَّ فِي ذَلِكَ لَآيَاتٍ لِّقَوْمٍ يُؤْمِنُونَ۞<br>ပရမတ်ဘုရားရှင် စံချိန်ပြည့်မှီသူအား☆ ရိက္ခာ ကျယ်ဝန်းစေ၍၊ စည်းကြပ်မတ်ထားသည် ဆိုခြင်းကို သူတို့ မသိကြသလော။ ကေန်ပင် ဤ၌ ယုံကြည်သော လူမျိုးအတွက် နိမိတ်လက္ခဏာရပ် ရှိနေ၏။ |
| ၅၃။ | قُلْ يَا عِبَادِيَ الَّذِينَ أَسْرَفُوا عَلَى أَنفُسِهِمْ لَا تَقْنَطُوا مِن رَّحْمَةِ اللَّهِ إِنَّ اللَّهَ يَغْفِرُ الذُّنُوبَ جَمِيعًا إِنَّهُ هُوَ الْغَفُورُ الرَّحِيمُ۞<br>ဟောလော့ “အို မိမိစရိုက်ကို မိမိ အလွဲသုံးစားပြုသော ငါအရှင်၏ အမှုတော်ဆောင် အပေါင်းတို့၊ ပရမတ်ဘုရားရှင်၏ ကရုဏာတော်အား မက်မကင်းကြလင့်၊ ပရမတ်ဘုရားရှင်သည် ဝဋ်ကြွေး အားလုံးအား လွတ်ငြိမ်းစေတော်မူလတ္တံ့။ အရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။– |
| ၅၄။ | وَأَنِيبُوا إِلَى رَبِّكُمْ وَأَسْلِمُوا لَهُ مِن قَبْلِ أَن يَأْتِيَكُمُ الْعَذَابُ ثُمَّ لَا تُنصَرُونَ۞<br>သင်တို့၏ ကံကြမ္မာရှင်အား ကျိုးနွံနာခံကြလော့။ သင်တို့ထံသို့ ဝဋ်ကြွေးအား မပေးရောက်မီ အရှင့်အတွက် ငြိမ်းချမ်းရေးပြုကြလော့၊ ထို့နောက် အကူအညီ မရှိတော့ချေ။” |
| ၅၅။<br><br>ကုရ်အာန် ၃၉း၂၃ | وَاتَّبِعُوا أَحْسَنَ مَا أُنزِلَ إِلَيْكُم مِّن رَّبِّكُم مِّن قَبْلِ أَن يَأْتِيَكُمُ العَذَابُ بَغْتَةً وَأَنتُمْ لَا تَشْعُرُونَ۞<br>သင်တို့ သတိမမူမိဘဲ သင်တို့ထံသို့ ရုတ်တရက် ပေးရောက်စေမည့် ဝဋ်ကြွေး မတိုင်မီ သင်တို့၏ ကံကြမ္မာရှင်ထံမှ ချမှတ်ပေးသည့် **အကောင်းဆုံးသော အရာကို** လိုက်နာကြလော့၊– |
| ၅၆။ | أَن تَقُولَ نَفْسٌ يَا حَسْرَتَى علَى مَا فَرَّطتُ فِي جَنبِ اللَّهِ وَإِن كُنتُ لَمِنَ السَّاخِرِينَ۞<br>ဉာဉ်စရိုက် တစ်ခုက “ကျွန်ုပ်များနှယ်၊ ကျွန်ုပ်သည် ပရမတ်ဘုရားရှင်၏ ဝန်တာအား ပေါ့လျော့ခဲ့လေခြင်း၊ ကျွန်ုပ်သည် သရော်သူတို့မှ ဖြစ်ခဲ့ရလေခြင်း၊”ဟု မညည်းညူရစေရန် ဖြစ်၏။ |
| ၅၇။ | أَوْ تَقُولَ لَوْ أَنَّ اللَّهَ هَدَانِي لَكُنتُ مِنَ الْمُتَّقِينَ۞ |

(၈၁၅) တရားတော်ကို မဆင်ခြင်– ရှေးမျိုးဆက်များကဲ့သို့ လိုက်နေသူများ– ထိုသူတို့ အထဲမှပင် မိရိုးဖလာအား ကာကွယ်ရန် နည်းပညာ ရပ်များကိုသာ ဆည်းပူး၍ ပြန်လည်ပို့ချနေသူများကြောင့်– ထိုသူတို့သည် လွတ်မြောက်ခြင်း ဝိမုတ္တိကို ရမည်မဟုတ်ဟု ကျမ်းတော်က သတိပေးထားပေသည်။ သို့ဖြစ်၍ အမှန်တကယ် လွတ်မြောက်ခြင်း ဝိမုတ္တိရသကို ခံစားရရန်မှာ တရားတော်ကို ဆင်ခြင်ရန်လိုသည်။ မိရိုးဖလာ ဆရာသမား။ ဘုန်းကြီးရဟန်းများ၏ သွန်သင်ချက်များအား စီစစ်ရန် လိုသည်ဟု နားလည်သင့်ပေသည်။

| | |
|---|---|
| | သို့မဟုတ် ''ပရမတ်ဘုရားရှင်က လမ်းညွှန်ခဲ့မူ၊ ကျွန်ုပ်သည် စည်းစောင့်သူတို့မှ ဖြစ်ခဲ့မည်၊''ဟု မဆိုရစေရန် ဖြစ်၏။ |
| ၅၈။ | **أَوْ تَقُولَ حِينَ تَرَى الْعَذَابَ لَوْ أَنَّ لِي كَرَّةً فَأَكُونَ مِنَ الْمُحْسِنِينَ۝**<br>သို့မဟုတ် ဝဋ်ကြွေးကို မြင်ရသောအခါ၊ ''ကျွန်ုပ်တွင် နောက်ထပ် အခွင့်အရေး ရလျှင်၊ ကောင်းမွန်သူတို့မှ ဖြစ်ရမည်၊'' ဟု မပြောရစေရန် ဖြစ်၏။ |
| ၅၉။ | **بَلَى قَدْ جَاءَتْكَ آيَاتِي فَكَذَّبْتَ بِهَا وَاسْتَكْبَرْتَ وَكُنتَ مِنَ الْكَافِرِينَ۝**<br>အမှန်မှာ၊ ငါ၏ သုတ်ဒေသနာများကို သင်ထံသို့ မုချ ရောက်စေခဲ့ပြီ။ သို့သော် သင်သည် ၎င်းကို ငြင်းဆန်ခဲ့၏၊ သင်သည် မာနကြီးနေ၏၊ သင်သည်ကား ဖုံးကွယ်မှောင်ချသူတို့မှ ဖြစ်၏။ |
| ၆၀။ | **وَيَوْمَ الْقِيَامَةِ تَرَى الَّذِينَ كَذَبُواْ عَلَى اللَّهِ وُجُوهُهُم مُّسْوَدَّةٌ أَلَيْسَ فِي جَهَنَّمَ مَثْوًى لِّلْمُتَكَبِّرِينَ۝**<br>ရပ်တည် မြမ်ံရမည့် နေ့ကာလ၌ သင်သည် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ ငြင်းဆန်ခဲ့သော သူတို့၏ မျက်နှာများကို မဲပုပ်လျက် တွေ့မြင်ရမည်ပင်။ ငရဲဘုံသည် မောက်မာသော သူတို့အတွက် နေရာထိုင်ခင်းပင် မဟုတ်တုံလော။ |
| ၆၁။ | **وَيُنَجِّي اللَّهُ الَّذِينَ اتَّقَوا بِمَفَازَتِهِمْ لَا يَمَسُّهُمُ السُّوءُ وَلَا هُمْ يَحْزَنُونَ۝**<br>ပရမတ်ဘုရားရှင်သည် စည်းစောင့်သော သူများအား သူတို့၏ ဆွတ်ခူးမှုကြောင့် ကယ်နုတ်တော်မူမည်၊ သူတို့အား အကုသိုလ် ထိသက်မည် မဟုတ်ချေ၊ သူတို့သည် ပူဆွေးရမည်လည်း မဟုတ်ချေ။ |
| ၆၂။ | **اللَّهُ خَالِقُ كُلِّ شَيْءٍ وَهُوَ عَلَى كُلِّ شَيْءٍ وَكِيلٌ۝**<br>ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား ဖြစ်တည်စေသော အရှင်ဖြစ်၏။ အရှင်သည် သဗ္ဗလုံးစုံ၏ တာဝန်ခံဖြစ်၏။ |
| ၆၃။ | **لَهُ مَقَالِيدُ السَّمَاوَاتِ وَالْأَرْضِ وَالَّذِينَ كَفَرُوا بِآيَاتِ اللَّهِ أُوْلَئِكَ هُمُ الْخَاسِرُونَ۝**<br>မိုးများနှင့် မြေကမ္ဘာ၏ သဲလွန်စများသည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများအား ဖုံးကွယ်သောသူ၊ ထိုသူတို့သည် ဆုံးရှုံးရသူများ ဖြစ်ကြ၏။[၈၁၆] |
| ၆၄။ | **قُلْ أَفَغَيْرَ اللَّهِ تَأْمُرُونِّي أَعْبُدُ أَيُّهَا الْجَاهِلُونَ۝**<br>''ပရမတ်ဘုရားရှင်မှ မဟုတ်သော အရာကို ကိုးကွယ်ရန် ကျွန်ုပ်အား စီမံမိန့်ညွှန်ကြသလော၊ အို ပညာမဲ့တို့၊''ဟု ဟောလော့။ |
| ၆၅။ | **وَلَقَدْ أُوحِيَ إِلَيْكَ وَإِلَى الَّذِينَ مِنْ قَبْلِكَ لَئِنْ أَشْرَكْتَ لَيَحْبَطَنَّ عَمَلُكَ وَلَتَكُونَنَّ مِنَ الْخَاسِرِينَ۝**<br>သင်နှင့် သင့်မတိုင်မီဖြစ်သော သူတို့အား အာရုံစျာန်ကိန်းဝပ်ပေးသည်မှာ ''သင်သည် ရောပြွန်းကိုးကွယ်လျှင်၊ သင်၏ ကျင့်ကြံမှုသည် အချီးနှီးသာ ဖြစ်၏။ သင်သည် ဆုံးရှုံးရသူတို့မှ မဖြစ်စေလင့်၊''ဟု ဖြစ်၏။ |
| ၆၆။ | **بَلِ اللَّهَ فَاعْبُدْ وَكُن مِّنَ الشَّاكِرِينَ۝**<br>အမှန်မှာ ပရမတ်ဘုရားရှင်ကိုသာ၊ ကိုးကွယ်လော့၊ ကျေးဇူးသိတတ်သူတို့မှ ဖြစ်လော့။ |
| ၆၇။ | **وَمَا قَدَرُوا اللَّهَ حَقَّ قَدْرِهِ وَالْأَرْضُ جَمِيعًا قَبْضَتُهُ يَوْمَ الْقِيَامَةِ وَالسَّمَاوَاتُ مَطْوِيَّاتٌ بِيَمِينِهِ سُبْحَانَهُ** |

(၈၁၆) **مَقَالِيدُ မကာလီးဒ** ဆိုသည်မှာ **လျှို့ဝှက်ချက်အား ဖွင့်သည့် သော့၊ သဲလွန်စ** ဟု ဖြစ်ပေသည်။ ထို့ကြောင့် မိုးမြေစကြာဝဠာတို့၏ လျှို့ဝှက်ချက် သဲလွန်စများကို ရှာဖွေဖေါ်ထုတ်နိုင်ရန် ကျမ်းမြတ်ကုရ်အာန်ပါ လမ်းညွှန် နိယာမများကို လိုက်ရန်လိုကြောင်း ကျမ်းတော်က ဆိုပေသည်။ ထိုအချက်ကို ''ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများအား ဖုံးကွယ်သောသူ ထိုသူတို့သည် ဆုံးရှုံးသူတို့ ဖြစ်ကြ၏၊'' ဟု ဆိုထားပေသည်။ ကျမ်းတော် ပါ နိယာမများအား မစူးစမ်း မလေ့လာဘဲလျက် ကျမ်းတော်အား နမ်းနေ ဦးတိုက်နေယုံမျှဖြင့် လူသားများ အတွက် အကျိုးရှိလာမည် မဟုတ်ချေ။

| | |
|---|---|
| | **وَتَعَالَى عَمَّا يُشْرِكُونَ** ۝<br>သူတို့သည် ပရမတ်ဘုရားရှင်အား မှန်ကန်သော စည်းချိန်ဖြင့် ချိန်ကိုက်နိုင်မှု မရှိချေ။ ရပ်တည်မြဲမြဲရမည့် နေ့ကာလ၌ မြေကမ္ဘာ အားလုံးသည် အရှင်၏ စည်းချိန်ထဲ၌ ရှိ၏။ မိုးကောင်းကင်များသည် အရှင်၏ ဩဇာအောက်၌[၉၁၇] လိပ်ခေါက်ထားလျှက် ရှိ၏။ အရှင့်အား ဦးထိပ်ထားလော့၊ အရှင်သည် ရောပြွန်းကိုးကွယ်ခံ အပေါင်းထက် မြင့်မြတ်တော်မူ၏။ |
| ၆၈။ | **وَنُفِخَ فِي الصُّورِ فَصَعِقَ مَن فِي السَّمَاوَاتِ وَمَن فِي الْأَرْضِ إِلَّا مَن شَاءَ اللَّهُ ثُمَّ نُفِخَ فِيهِ أُخْرَى فَإِذَا هُم قِيَامٌ يَنظُرُونَ** ۝<br>ပုံသဏ္ဍာန်တို့အား အသက်သွင်းသောအခါ၊ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှီသူမှ အပ မိုးများ၌ ရှိသူ၊ မြေကမ္ဘာ၌ ရှိသူတို့သည် မေ့မြောနေကြလတ္တံ့။ တဖန် ၎င်းအား နောက်တစ်ကြိမ် အသက်သွင်းသော အခါ၊ သူတို့သည် မတ်မတ်ရပ်ကြလျှက်၊ ကြည့်ရှုကြလတ္တံ့။ |
| ၆၉။ | **وَأَشْرَقَتِ الْأَرْضُ بِنُورِ رَبِّهَا وَوُضِعَ الْكِتَابُ وَجِيءَ بِالنَّبِيِّينَ وَالشُّهَدَاء وَقُضِيَ بَيْنَهُم بِالْحَقِّ وَهُمْ لَا يُظْلَمُونَ** ۝<br>ထို့နောက် မြေကမ္ဘာသည် ကံကြမ္မာရှင်၏ အလင်းရောင်ဖြင့် ထွန်းလင်းရလတ္တံ့၊ မှတ်တမ်းကြီးကို ဖွင့်ချထားလျှက် သတင်းတော်ဆောင်များနှင့် သက်သေသက်ကန်များအား ဆောင်ကြည်းလာလတ္တံ့၊ ထို့နောက် သူတို့အကြားတွင် မှန်ကန်ခြင်းဖြင့် အတည်ပြုတော်မူလတ္တံ့။ သူတို့အား အမိုက်သင့်စေခဲ့ခြင်း မရှိချေ။ |
| ၇၀။ | **وَوُفِّيَتْ كُلُّ نَفْسٍ مَّا عَمِلَتْ وَهُوَ أَعْلَمُ بِمَا يَفْعَلُونَ** ۝<br>ဉာဉ်စရိုက်ကိုယ်စီသည် ကျင့်ကြံခဲ့ရာအား ဖြည့်ဆီးခြင်း ခံရမည်။ အရှင်သည် ကျင့်ကြံခဲ့သမျှကို သိနေတော်မူ၏။ |
| ၇၁။<br><br><br><br>စစ်မီး | **وَسِيقَ الَّذِينَ كَفَرُوا إِلَى جَهَنَّمَ زُمَرًا حَتَّى إِذَا جَاؤُوهَا فُتِحَتْ أَبْوَابُهَا وَقَالَ لَهُمْ خَزَنَتُهَا أَلَمْ يَأْتِكُمْ رُسُلٌ مِّنكُمْ يَتْلُونَ عَلَيْكُمْ آيَاتِ رَبِّكُمْ وَيُنذِرُونَكُمْ لِقَاء يَوْمِكُمْ هَذَا قَالُوا بَلَى وَلَكِنْ حَقَّتْ كَلِمَةُ الْعَذَابِ عَلَى الْكَافِرِينَ** ۝<br>ဖုံးကွယ်မှောင်ချသော သူတို့အား **ငရဲဘုံ** အသင်းအဖွဲ့များသို့ ဆောင်ကြဉ်းခြင်း ခံရလတ္တံ့၊ သူတို့သည် ၎င်းသို့ ရောက်ရှိလာသော် ၎င်း၏ တံခါးများအား ဖွင့်လျှက်၊ ၎င်း၏ အစောင့်က သူတို့အား “သင်တို့၏ ကံကြမ္မာရှင်မှ သုတ်ဒေသနာများကို ဖတ်ပြရန်၊ သင်တို့တွေ့ဆုံရမည့် ဤနေ့ကာလအကြောင်း သင်တို့အား သတိပေးရန် သင်တို့အထဲမှ ဉာဏ်စဉ်တော်ဆောင်များ မရောက်လာလေသလော၊”ဟု မေးသော်၊ သူတို့က “အမှန်ပင်၊”ဟု ဆို၏။ သို့သော် ဖုံးကွယ်သူတို့အပေါ်သို့ ဝင့်သင့်မည်ဟု စကားတော်သည် အမှန်သစ္စာ ဖြစ်လေပြီ။[၉၁၈] |

---

**(၉၁၇) ဩဇာအောက်၌** ဟူသော စကားလုံး **بِيَمِينِهِ ဗိယမီးနိဟိ** ကို ဆရာတော်ကြီးများက **ညာဘက်လက်၌** ဟု ပြန်ဆိုကြပေသည်။ ထိုစကားလုံးအား အာရပ်လူမျိုးများက **ညာဘက်လက်** ဟု သုံးစွဲရာမှ ထိုသို့ အဓိပ္ပါယ် ဖြစ်တည်လာခြင်း ဖြစ်သည်။ ထိုသို့ဖြစ်တည်လာခြင်းမှာလည်း အားသန်ရာလက်။ အားမသန်ရာ လက်ဟု သုံးစွဲရာမှာ ဝေါဟာရရွှေ့လျှော ဖြစ်တည်လာခဲ့ခြင်းသာ ဖြစ်ပေသည်။ ထိုစကားလုံး၏ မူလဇစ်မြစ် အနက်မှာ **တစ်စုံတစ်ခုအား စူးစိုက်ခြင်း– အားပြုခြင်း– လုံ့လစိုက်ခြင်းတို့၏ အကျိုးဆက်– ခံစားခွင့် ဩဇာ** ဟု ဖြစ်ပေသည်။ ထို့ကြောင့် ဤစကားလုံး– **م ي ن ယမန** မှ ဆင့်ပွား ဖြစ်သော **أَيْمَان အိုင်းမာန** ကို ကိုယ်စိတ်နှလုံးဖြင့် အားစိုက်၍ ကျိန်ဆိုသည် ဟူသော အသုံးတွင် သုံးကြောင်း (၂း၂၂၄–၂၂၅)။ ဘယ်လက်။ ညာလက် မဟူ– မိမိက လက်ခံရယူလိုမှု၊ သို့မဟုတ် လက်မခံလိုမှုကို **تَيَمَّمُواْ တယမ်မမူးန်**–ဟု လည်းကောင်း (၂း၂၆၇)။ သင်တို့၏ ဩဇာခံ လက်အောက်ငယ်သားများကို **أَيْمَانُكُمْ အိုင်မားနုကွမ်းန်** ဟု သုံးပေသည်။ ထိုသို့ သုံး သမျှသော နေရာတိုင်း တွင် ရုပ်ခန္ဓာ လက်– ဟူသော သဘောမပါဝင်ပေ။ ကွန်မြူနစ်များကို ဘယ်သန်၊ ဓနရှင်ဝါဒီများအား ညာသန် ဟု ပြောသကဲ့သို့ပင်။

**(၉၁၈)** အစ္စလာမ် ဒဿနမှ ငရဲဘုံ၊ သုခဘုံ ဆိုသည်မှာ စိတ်ဘဝင်၌ ဖြစ်တည်ရမည့် ဒုက္ခခံစားရခြင်း၊ သုခခံစားရခြင်းကို ညွှန်းပေသည်။ ထို့ကြောင့် ဤသုတ်တော်နှင့် သုတ်တော် ၇၃ တွင် ငရဲဘုံ **အသင်းအဖွဲ့များ**၊ သုခဘုံ **အသင်းအဖွဲ့များ** ဟု သုံးထားခြင်း ဖြစ်ပေသည်။ ဤနေရာ၌ **အသင်းအဖွဲ့**

| | |
|---|---|
| ၇၂။ | قِيلَ ادْخُلُوا أَبْوَابَ جَهَنَّمَ خَالِدِينَ فِيهَا فَبِئْسَ مَثْوَى الْمُتَكَبِّرِينَ۞<br>ထို၌ ကာလမဲ့ ခံစားရန် တံခါးပေါက်များမှ ဝင်ကြလော့၊ မောက်မာသူတို့အတွက် နိမ့်ကျသော နေရာထိုင်ခင်းပင် ဖြစ်၏၊ ဟု ပြောခံရလတ္တံ့၊ |
| ၇၃။ | وَسِيقَ الَّذِينَ اتَّقَوْا رَبَّهُمْ إِلَى الْجَنَّةِ زُمَرًا حَتَّى إِذَا جَاؤُوهَا وَفُتِحَتْ أَبْوَابُهَا وَقَالَ لَهُمْ خَزَنَتُهَا سَلَامٌ عَلَيْكُمْ طِبْتُمْ فَادْخُلُوهَا خَالِدِينَ۞<br>ကံကြမ္မာရှင်အား စည်းစောင့်သော သူတို့အား သုခဘုံ အသင်းအဖွဲ့များသို့ ဆောင်ကြဉ်းခြင်း ခံရလတ္တံ့၊ သူတို့သည် ၎င်းသို့ ရောက်ရှိလာသော် ၎င်း၏ တံခါးများအား ဖွင့်လျှက်၊ ၎င်း၏ အစောင့်က သူတို့အား “သင်တို့အပေါ်သို့ ငြိမ်းချမ်းပါစေ၊ သင်တို့သည် စင်ကြယ်သူများဖြစ်၏၊ သို့ဖြစ်၍ ကာလမဲ့ စံစားရန် ဝင်ရောက်ကြကုန်လော့၊”ဟု ဆိုလတ္တံ့။ |
| ၇၄။ | وَقَالُوا الْحَمْدُ لِلَّهِ الَّذِي صَدَقَنَا وَعْدَهُ وَأَوْرَثَنَا الْأَرْضَ نَتَبَوَّأُ مِنَ الْجَنَّةِ حَيْثُ نَشَاء فَنِعْمَ أَجْرُ الْعَامِلِينَ۞<br>သူတို့က “ရည်သန်စူးစိုက်မှု အပေါင်းသည် ပရမတ်ဘုရားရှင် အဘို့ဖြစ်ပါ၏။ အရှင်သည် အရှင်၏ ကတိတော်ကို တပည့်တော်တို့အတွက် ဖြောင့်မှန်စေပါ၏၊ တပည့်တော်တို့အား မြေကမ္ဘာကို အမွေပေးခဲ့ပါပြီ။ တပည့်တော်တို့သည် ဥယျာဉ်ဘုံ၌ မိမိစံချိန်အလျောက် စံစားနေကြပေပြီ။ သို့ – ကျင့်ကြံသူများအတွက် ဂုဏ်ရှိသော အကျိုးဆုလဒ်ပင် ဖြစ်၏။”၉၁၉ |
| ၇၅။ | وَتَرَى الْمَلَائِكَةَ حَافِّينَ مِنْ حَوْلِ الْعَرْشِ يُسَبِّحُونَ بِحَمْدِ رَبِّهِمْ وَقُضِيَ بَيْنَهُم بِالْحَقِّ وَقِيلَ الْحَمْدُ لِلَّهِ رَبِّ |

---

ဟု ဘာသာပြန်သည့် **زُمَرًا ဇုမာရမ်** ဆိုသည်မှာ လူများတစ်စစ တိုးလာ၍ ဖွဲ့စည်းဖြစ်တည်လာသော အုပ်စုများဟု အနက်ကို ဆောင်ပေသည်။ လူတစ်ဦးသည် မကောင်းမှု တစ်ခု သို့မဟုတ် ကောင်းမှု တစ်ခုကို တစ်ကြိမ် ပြုကျင့်၏ သူ့တွင် အဖေါ်ရှိချင်မှ ရှိနိုင်ဦးပေမည်၊ သို့သော် အကြိမ် ကြိမ် ပြုကျင့်၏– ထိုအခါ သူ့စရိုက်သည် သူ့ကိုပတ်၏၊ တစ်စစ စရိုက်တူများ ဖြစ်တည် စုစည်းလာ၏၊ သို့ဖြင့် နှတ်မရသော၊ ခရီးကျုံ့သွားသော ဒုက္ခ သို့မဟုတ် သုခကို ခံစားရတော့၏၊ ၎င်းကို ငရဲ သို့မဟုတ် နိဗ္ဗာန်ဟု ကျမ်းတော်က ပမာဆောင်ပေသည်။ သို့သော် ထိုခံစားမှုတိုင်းကို ထာဝရ ခရီးဟု မဆိုပေ။ **ခလိဒ**– ကာလမဲ့ ဟုသာ ဆိုပေသည်၊ (၂း၃၉) တွင်ကြည့်ပါ။

**(၉၁၉)** ဤသုတ်တော်တွင် သုခဘုံကို ဆိုက်မြိုက်သူများက အရှင်သည် သူတို့အား မြေကမ္ဘာကို အမွေပေးခဲ့ပါပြီ ဟု ရင့်ကျူးသည်၊ ထိုမြေကမ္ဘာ တွင်ပင်– စားရေရိက္ခာပေါများပြီး၊ အေးချမ်းသာယာစွာ နေထိုင် စံမြန်းရသော ဘဝကို ဥယျာဉ်ဘုံဟု ထပ်ဆင့် ဖေါ်ပြခြင်း ဖြစ်ပေသည်။ ထို့ကြောင့် အစ္စလာမ်က ပြောသော နိဗ္ဗာန်ဘုံဆိုသည်မှာ စိတ်ကူးစိတ်သန်းထဲမှာ နတ်သမီးငါးရာဖြင့် စံမြန်းရမည့် သီးခြား ဘုံနန်း ကြီး မဟုတ်ချေ။ လူသား၏ ပီတိဘဝင်ကျရာ စံစားရသည့် ဖြစ်တည်မှုကိုသာ ဆိုလိုပေသည်။ ထို့ပြင် ဤသုတ်တော်တွင် ပြောဆိုသော မြေကမ္ဘာ ဆိုသည်ကိုလည်း ဆက်လက် နားလည်ရန် လိုသည်မှာ– မြေကမ္ဘာ ဆိုသော စကား **အောက်သ်** သည် ကမ္ဘာဂြိုလ် တစ်ခုတည်း ဖြစ်ရမည်ဟု ဆိုလို လိုခြင်းလည်း မဟုတ်သေးချေ။ နယ်မြေတစ်ခုအား စိုးမိုးရခြင်း အခွင့်အာဏာ၊ လူ့မျိုးဆက် နေထိုင်နိုင်ရန်အဆင့်သင့်ဖြစ်သည့် မည်သည့် ဂြိုလ်မှ မြေသားထုကို မဆို ခေါ်ဆိုပေသည်။ ထို့ကြောင့် ကျမ်းတော်တွင် သုခဘုံကို မိုးမြေအနံ့ရှိသည့် သုခဘုံဟုလည်း သုံးပေသည်၊ (၃း၁၃၃)။ နေရာ တစ်ခုတည်းတွင်ပင် ၎င်းနှင့် ဆန့်ကျင့်ဘက် ခံစားရခြင်းကို ငရဲဟု ခေါ်ပေသည်။ ထိုကဲ့သို့ ဆိုလိုချက်ကြောင့် လူသားများ သေသွားပြီးသော် နိဗ္ဗာန် သို့မဟုတ် ငရဲသို့ စံရမည့် လူသားများသည် အခြားဂြိုလ်တစ်ခုရှိ သာယာကောင်းမွန်သော ဥယျာဉ်ဘုံတွင် နေထိုင်ရမည်ဟု ဆိုလိုခြင်း မဟုတ်ကြောင်းကိုလည်း နားလည်ရန်လိုပေသည်။ အစ္စလာမ်က ပြောဆိုသော သုခခံစားရခြင်းနှင့် ငရဲခံစားရခြင်း ဆိုသည်မှာ မိမိ၏ လက်ရှိ ကျင့်ဆောင်မှု အတွက် ခံစားရမည့် အနာဂါတ်၏ ဆုလဒ် ဖြစ်သည်။ ထိုအနာဂါတ်၏ ဆုလဒ် ဆိုသည်တွင် မိမိနှင့် ပတ်သက်သော နောက်လာနောက်သားတို့၏ ဘဝများလည်း ပါဝင်ပေသည်။ မိမိ၊ မိမိပါဝင်ပတ်သက်သည့် လူ့အဖွဲ့အစည်း၏ ကျိုးပမ်းအားထုတ်မှုသည် နောင်လာနောက်သားများ၏ ဘဝကို မြှင့်တင် ပေးခဲ့နိုင်သည် ဟူသည့် ပီတိသည်လည်း မိမိ၏ ဉာဏ်ခန္ဓာအား အကျိုးဖြစ်စေပေသည်။ အစ္စလာမ်၏ ဒသနအရ နောင်လာနောက်သားများသည် အခြားဂြိုလ်သို့ ပြောင်းရွှေ့အခြေချကြမည်ဟု ဆိုသည်။ ၁၄း၄၈– ထို့ကြောင့် သုခဘုံသို့ စံမြန်းရမည့် လူတစ်ဦး၏ အရည်အချင်းတွင် နောင်လာ နောင်သားများအား တိုးတက်သော ခေတ်ရှေ့ဆောင် အတွေးအခေါ်များကို ချမှတ်ပေးရမည်လည်း ဖြစ်ပေသည်။ သို့မဟုတ် ထိုအတွေး အခေါ်များကို အားပေးအားမြှောက် ပံ့ပိုးပေးရမည်လည်း ဖြစ်ပေသည်။

| | |
|---|---|
| | **الْعَالَمِينَ**۞<br>နိမိတ်ဆောင်တို့သည် ကံကြမ္မာရှင်အား ရည်သန်စူးစိုက် ဦးထိပ်ထားလျက် ထပ်ဆင့်ကွပ်ကဲခြင်း ပရဝုဏ်၌ လှည့်လည်နေကြသည်ကို သင်မြင်ရလတ္တံ့။ သူတို့၏ ကြား၌ မှန်ကန်တိကျသည် အတည်ပြုအဖြေကို ရသော် “ရည်သန်စူးစိုက်မှုအပေါင်းသည် လောကခပ်သိမ်း၏ ကံကြမ္မာရှင် ဖြစ်သော ပရမတ်ဘုရားရှင် အဘို့သာတည်း၊”ဟု ရင့်ကျူးကြ၏။[၉၂၀] |

(၉၂၀) အစ္စလာမ် ဒသနအရ နိမိတ်ဆောင် (မလာအိကာဟ်) ဆိုသည်မှာ လူသားစင်စစ် တတ်သိပညာရှင်များကိုသာ ခေါ်ကြောင်း၊ ခေတ်တိုင်း၌ ရှိနေကြောင်း ၂း၃၀ တွင် ရှင်းပြခဲ့ပြီး ဖြစ်ပေသည်။ **အာရ်ရှ်** ဆိုသည်မှာ ထပ်ဆင့်စီမံကွပ်ကဲခြင်း၊ အုပ်ချုပ်သူများ အဆင့်ဆင့်ထက် ရာထူးအကြီးဆုံး ဖြစ်သည်၊ (၁၀း၃)။ ဆိုလိုသည်မှာ ပရမတ်ဘုရားရှင်သည် လောကဓမ္မအား စီမံဖြစ်တည်စေသော အချုပ်အခြာ ဖြစ်သည်။ ထိုလောက ဓမ္မ၏ လျှို့ဝှက်ချက်များကို စူးစမ်းရှာဖွေ ဖေါ်ထုတ်လျှက် လူသားများ အကျိုးငှာ နိမိတ်ဆောင်များက ကျိုးပမ်းနေကြသည်ဟု ဖြစ်ပေသည်။ သူတို့အချင်းချင်း သီအိုရီဆိုင်ရာ ဆွေးနွေးမှု၊ အချေအတင်ဖြစ်မှုများ ရှိနေမည်ပင်– ထိုအကြား၌ တိကျသေချာသော နောက်ဆုံးအဖြေ တစ်ခုကို တွေ့ရှိတိုင်း– ငါ့ကြောင့်။ ငါ့ဉာဏ်ကြောင့်ဟု ကြွားဝါနိုင်ခြင်း မရှိချေ။ ထိုအချက်ကို တွေ့ရှိတိုင်း လောကဓမ္မ၏ လျှို့ဝှက်ချက်တိုင်း၏ အဖြေတွင် မိမိ၏ အတွေးအခေါ်ပြင်ပမှ လျှပ်တစ်ပြက် ကိန်းဝပ်သော အသိဉာဏ်စဉ် တစ်ခုကြောင့်ဟု ဝန်ခံရသည်သာ ဖြစ်ပေသည်။ ထိုဉာဏ်စဉ်သည် လူတို့ ရောပြွန်း ကိုးကွယ်နေကြသော အရာများဆီမှ လာသော အသိပေးခြင်း ဉာဏ်စဉ် မဟုတ်ဆိုသည်ကို ထိုပညာရှင်များ ကောင်းစွာ သိကြသည်၊ လောက ခပ်သိမ်းသည် ပရမ်းပတာ မညီမညွတ် ဖြစ်သည်နေခြင်းမဟုတ်၊ စည်းချိန်တကျ ဖြစ်တည်နေ၍၊ ထိုစည်းချိန်အား ကစင့်ကလျား မဖြစ်ရန် ထိန်းသိမ်းထားသော အချင်းချင်း ညီညွတ်နေသည့် ကွန်ယက်များ ရှိနေသည်၊ ထိုကွန်ယက်များအား အသိဉာဏ်တစ်စုံတစ်ရာက ကြပ်မတ်ထိန်းညှိ ထားခြင်းရှိနေသည် ဟူခြင်းကို သူတို့ ရင့်ကျူးနေရပေသည်။